## Highlights from DVB Debate’s Nationwide Ceasefire Agreement’s Show

## December 12, 2015

## “How to reach a real Nationwide Ceasefire Agreement?”

“လက်မှတ်ထိုးပြီး နောက်နေ့တွေမှာ အပစ်ရပ်မထိုးထားတဲ့ အဖွဲ့တွေနဲ့ တိုက်ပွဲဖြစ်တယ်ဆိုတာ မဟုတ်ပါဘူး။ လက်မှတ်ထိုးထားပြီးတဲ့ အဖွဲ့တွေနဲ့တောင်မှ ထိတွေ့ရင်ဆိုင်မှုတွေက ဖြစ်နိုင်ပါတယ်”

ဦးတင်မိုးအောင် - တွဲဖက်အစီအစဉ်ညွှန်ကြားရေးမှူး(မြန်မာငြိမ်းချမ်းရေးစင်တာ)

“စီမံချက်စစ်လား၊ မတော်တဆထိတွေ့ဖြစ်ပွားတဲ့ စစ်လားဆိုတဲ့ မေးခွန်းတွေကို ဆန်းစစ်မယ်ဆိုရင် ပြည်တွင်းစစ်မှာ စစ်တပ်ဘက်ကနေ လေယာဉ်တွေသုံးတာမျိုး လက်နက်အင်အား အလွန်အကျွံသုံးတာမျိုးတွေကလည်း ရှိနေတယ်လေ”

ဒေါက်တာ စိုင်းဦး - သုတေသနဆိုင်ရာညှိနှိုင်းရေးမှူး(ပြည်ထောင်စုအင်စတီကျူ့)

---

“နိုင်ငံရေးမူဘောင်လုပ်တာကို ပြီးလွယ်စီးလွယ်စလုပ်လို့ကို မရဘူး။ နိုင်ငံလုံးဆိုင်ရာအပစ်အခတ်ရပ်စဲရေးကို သွားနေတာ နိုင်ငံရေးမှာ ပြင်လွယ်ပြောင်းလွယ်နဲ့လုပ်လို့မရဘူး။ ဒီလိုပုံစံနဲ့ဆက်သွားမယ်ဆို ၁၄ နှစ်ကျော်ကြာခဲ့တဲ့ အမျိုးသားညီလာခံလိုဖြစ်သွားမယ်”

ဦးမြအေး  -၈၈ မျိုးဆက် ငြိမ်းချမ်းရေးနှင့်ပွင့်လင်းလူ့အဖွဲ့အစည်း

---

“အန်စီစီတီထဲမှာ လက်မှတ်ထိုးထားတဲ့အဖွဲ့ကရော မထိုးထားတဲ့အဖွဲ့ကရော တိုင်းရင်းသားခေါင်းဆောင်တွေ အခွင့်အာဏာရှိသူတွေပါတယ် အဲဒီ တိုင်းရင်းသားလက်နက်ကိုင်တွေ…အဓိကဇာတ်ကောင်တွေကို နိုင်ငံရေးမူဘောင်ရေးဆွဲရာမှာပါဖို့ အစိုးရက ဒီရက်ပေါင်း ၆၀ လေးတောင် သဘောထားမကြီးနိုင်တာလဲ။ တိုင်းရင်းသားလက်နက်ကိုင်တွေ အချင်းချင်း ဂေးကွာအောင်လုပ်မိရင် သမိုင်းတရားခံဖြစ်မယ်နော်”

ဦးမြအေး - ၈၈ မျိုးဆက်ငြိမ်းချမ်းရေးနှင့်ပွင့်လင်းလူ့အဖွဲ့အစည်း

“အန်စီစီတီက တရားဝင်ရှိနေသေးတယ်။ အန်စီစီတီထဲမှာ တိုင်းရင်းသားလက်နက်ကိုင် ခေါင်းဆောင်တွေလည်း ပါနေတယ် အဲဒီလို ဂေးကွာသွားမယ်လို့တော့ ကျနော်တော့ မယူဆဘူး”

ဦးတင်အောင်မိုး - တွဲဖက်အစီအစဉ်ညွှန်ကြားရေးမှူး(မြန်မာငြိမ်းချမ်းရေးစင်တာ)

---

"စစ်ရှောင်ဒုက္ခသည်တွေ ကယ်ဆယ်ရေးအတွက် အရပ်ဖက်အဖွဲ့တွေက လျင်လျင်မြန်မြန်လုပ်နေပေမယ့် အစိုးရကယ်ဆယ်ရေးတွေက အမြဲ နှောင့်နှေးလေ့ရှိတယ် မြန်မာငြိမ်းချမ်းရေးစင်တာဆိုလဲ ငြိမ်းချမ်းရေးနဲ့ပတ်သက်တာတွေ လုပ်နေတော့ ဒါနဲ့ ပတ်သက်လို့ ဘာတွေလုပ်ဖို့ရှိပါလဲ"

ဦးချစ်မျိုး - ပန်းရဲ့လမ်းဂီတအဖွဲ့

---